ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး

# ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ နိုင်ငံတော်သမ္မတ လွှဲအပ်ခဲ့သည့် ၁၉၅၂ ခုနှစ် လွှဲအပ်လွှာ အမှုအမှတ် ၃ အား လေ့လာတင်ပြခြင်း


လေ့လာတင်ပြသူ

ဒေါက်တာကြည်ကြည်ခင်

ဒုတိယညွှန်ကြားရေးမှူး

တရားစီရင်ရေးဌာနခွဲ


၂၀၂၃ ခုနှစ်၊ အောက်တိုဘာ လ ၁၂ ရက်

## ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ နိုင်ငံတော်သမ္မတ လွှဲအပ်ခဲ့သည့် ၁၉၅၂ ခုနှစ် လွှဲအပ်လွှာ အမှုအမှတ် ၃ အား လေ့လာတင်ပြခြင်း

### မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | အမှုဖြစ်ပွားသည့်အကြောင်းအရင်း | ၃ |
| ၃။ | လွှဲအပ်လွှာအပေါ် ဆောင်ရွက်ပုံအဆင့်ဆင့် | ၆ |
| ၄။ | လွှဲအပ်လွှာ အမှုအမှတ် ၂/၁၉၅၂ ၏ ဆုံးဖြတ်ချက် | ၈ |
| ၅။ | ဖွဲ့စည်းပုံအခြေခံဥပဒေကိုအနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လိုက်နာရမည့် ထုံးတမ်းစဉ်လာများနှင့် ဥပဒေသများ | ၁၅ |
| ၆။ | လေ့လာတွေ့ရှိချက် | ၁၇ |
| ၇။ | သုံးသပ်ချက် | ၁၉ |
| ၈။ | နိဂုံး | ၂၀ |

# ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ နိုင်ငံတော်သမ္မတ လွှဲအပ်ခဲ့သည့် ၁၉၅၂ ခုနှစ် လွှဲအပ်လွှာ အမှုအမှတ် ၃ အား လေ့လာတင်ပြခြင်း

## နိဒါန်း

၁။ ယခုတင်ပြပါ စာတမ်းသည် တရားလွှတ်တော်ချုပ်ထံသို့ လွှဲအပ်ခဲ့သည့် လွှဲအပ်မှုအမှတ် ၃/၁၉၅၂ အကြောင်းကို လေ့လာပြုစုခြင်းဖြစ်ပါသည်။ ယင်းလွှဲအပ်မှု၏ အဓိကအကြောင်းအရင်းမှာ ၁၉၄၉ ခုနှစ် ပြည်ထောင်စုနိုင်ငံ တွင်းထွက်ပင်ရင်း အခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ တို့နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက ဥပဒေကြောင်းဆိုင်ရာကိစ္စကို သိရှိလို၍ မေးခွန်းထုတ်ထားသည့် လွှဲအပ်မှု ဖြစ်ပါသည်။

၂။ အလားတူ ၁၉၄၉ ခုနှစ် ပြည်ထောင်စုနိုင်ငံ တွင်းထွက်ပင်ရင်း အခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေကို ပြည်ထောင်စုပါလီမန်က ဥပဒေထုတ်ပြန်ခွင့် ရှိ မရှိကိုလည်း နိုင်ငံတော်သမ္မတက တရားလွှတ်တော်ချုပ်အနေဖြင့် စဉ်းစားသုံးသပ်စေရန်အလို့ငှာ လွှဲအပ်ခဲ့သောအမှုကို လွှဲအပ်မှုအမှတ် ၂/၁၉၅၂ အဖြစ်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သဖြင့် တစ်ဆက်တစ်စပ်တည်း စပ်ဆိုင်သော အမှုဖြစ်ပါသည်။ ယခုတင်ပြပါ စာတမ်းတွင် လွှဲအပ်မှုအမှတ် ၂/၁၉၅၂ နှင့် ၃/၁၉၅၂ တို့ကို တစ်ပေါင်းတည်း လေ့လာပြုစုရေးသားခဲ့ပါသည်။

## အမှုဖြစ်ပွားသည့် အကြောင်းအရင်း

၃။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့ လွတ်လပ်ရေးရရှိပြီးနောက် ယင်းနေ့တွင် သမ္မတအိမ်တော်က သမ္မတအိမ်တော်၏ ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

"ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ပြည်ထောင်စုမြန်မာနိုင်ငံ၏နိုင်ငံတော်ယာယီသမ္မတဖြစ်သော ကျွန်ုပ်စဝ်ရွှေသိုက်သည် တိုင်းပြည်ပြုလွှတ်တော်က ဥပဒေအဖြစ်အတည်ပြုလိုက်သော ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအား ၁၃၀၉ ခု၊ ပြာသိုလဆုတ် ၉ ရက်( ၁၉၄၈ ခု၊ ဇန်နဝါရီ လ ၄ ရက်) နေ့တွင် အာဏာတည်ရမည်ဟူ၍ ကြေညာလိုက်သည်။" ယင်းကြေညာချက်အရ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ လ ၄ ရက်နေ့တွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အာဏာတည်ခဲ့သည်။

၄။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း ၄၊ နိုင်ငံတော်၏ ဝါဒရည်ညွှန်းချက်မှုများအခန်း၊ ပုဒ်မ ၄၄ (၂) တွင် "ပြည်ထောင်စုနိုင်ငံတော်အတွင်းတွင်၊ ဓနပစ္စည်းထွက်မည့် သဘာဝပင်ရင်း အခြေအမြစ်များကို နိုင်ငံတော်အစိုးရကိုယ်တိုင်ကသော်၎င်း၊ ဒေသန္တရအဖွဲ့များကသော်၎င်း၊ ပြည်သူတို့၏ သမဝါယမအစည်းအရုံးများကသော်၎င်း၊ လုပ်ကိုင်သုံးစွဲစေရန် နိုင်ငံတော်အစိုးရ၌ ဝါဒထားရှိ၍၊ ထိုဝါဒအတိုင်း ရှေ့ရှုဆောင်ရွက်ရမည်၊" ဟု ပြဋ္ဌာန်းထားသည်။

၅။ နိုင်ငံတော်၏ မူဝါဒနှင့်အညီ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ ကို အောက်ဖော်ပြပါအတိုင်း အသေးစိတ် ပြဋ္ဌာန်းခဲ့သည်-

"၂၁၉။ ။ သစ်တောနှင့် သတ္တုမြေများ၊ သစ်တောများ၊ ရေ၊ တံငါလုပ်ငန်းအမျိုးမျိုးဆိုင်ရာ ဒေသများ၊ သတ္တုများ၊ ကျောက်မီးသွေး၊ ရေနံနှင့် အခြားတွင်းထွက်ဆီများ၊ ဓါတ်အားထွက်မည့် ပင်ရင်း အခြေအမြစ်များနှင့် အခြားသဘာဝပင်ရင်းအခြေအမြစ်များကို၊ ပြည်ထောင်စုနိုင်ငံက လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင်ပြုရမည်။ သို့ရာတွင် ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွါးအလို့ငှါ၊ ပါလီမန်၏ အက်ဥပဒေအရ၊ ပြဋ္ဌာန်းထားသော သီးခြားခြွင်းချက် စည်းကမ်းများနှင့် မဆန့်ကျင်လျှင်၊ ပြည်ထောင်စုနိုင်ငံသည် အထက်ပါတို့ကို လုပ်ကိုင်သုံးစွဲနိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော၊ သို့တည်းမဟုတ် အသုံးချနိုင်သော အခွင့်အရေးကို ပြည်ထောင်စုနိုင်ငံသားများအား ပေးနိုင်သည်။ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံသားများထံမှ အနည်းဆုံး ရာခိုင်နှုန်း ၆၀ မျှပါဝင်သည့် ငွေရင်းရှိသော ကုမ္ပဏီများသို့သော်၎င်း၊ ထိုကဲ့သို့သော အဖွဲ့အစည်းများသို့သော်၎င်း ပေးနိုင်သည်။

ခြွင်းချက်။ ။ ထို့ပြင်၊ ပြည်သူလူထုအကျိုးအတွက် လိုအပ်သောအခါ၊ အထက်ပါ အခွင့်အရေးကို ပါလီမန်က ပြင်နိုင်ရမည်။ သို့တည်းမဟုတ် ပြောင်းနိုင်ရမည်။ သို့တည်းမဟုတ် ရုပ်သိမ်းနိုင်ရမည် ဟူသော စည်းကမ်းချက်များအရမှတပါး ထိုအခွင့်အရေးမျိုးကို မပေးရ။

အထက်က ဖော်ပြခဲ့သော သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲခြင်း၊ တိုးတက်အောင်ပြုခြင်း၊ အသုံးချခြင်းတို့အတွက် လက်မှတ်ကိုသော်၎င်း၊ လိုင်စင်ကိုသော်၎င်း၊ အခြားနည်းဖြင့် လွှဲအပ်သော လုပ်ပိုင်ခွင့်ကိုသော်၎င်း နှစ်ဆယ့်ငါးနှစ်ထက် ကျော်လွန်သော ကာလအပိုင်းအခြားအတွက် နောင်အခါတွင်မပေးရ။ သို့တည်းမဟုတ် နှစ်ဆယ့်ငါးနှစ်ထက် ကျော်လွန်သော နောက်ထပ်ကာလအပိုင်းအခြားအတွက် အသစ်လဲခွင့်မရှိစေရ။"

၆။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ ပါ ရည်ညွှန်းချက်အတိုင်း ပြည်ထောင်စုနိုင်ငံ တွင်းထွက်ပင်ရင်း အခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေကို ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

၇။ ယင်းအက်ဥပဒေ ပြဋ္ဌာန်းရခြင်း၏ ရည်ရွယ်ချက်မှာ-

ပြည်ထောင်စုနိုင်ငံ၏ သတ္တုများမှစ၍ တွင်းထွက်ပင်ရင်းအခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ သို့တည်းမဟုတ် အဖွဲ့အစည်းများမှတစ်ပါး အခြားသောပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ သို့တည်းမဟုတ် အဖွဲ့အစည်းများအားပေးရန်အလို့ငှာ တရားဥပဒေဖြင့် သီးခြားခြွင်းချက်စည်းကမ်း

များ ပြဋ္ဌာန်းနိုင်သည့်အာဏာကို ပြည်ထောင်စုပါလီမန်အား ထိုအခြေခံဥပဒေ ပုဒ်မ ၂၁၉ ဖြင့် အပ်နှင်းထားသည်တစ်ကြောင်း၊

ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှာ သတ္တုများမှစ၍ တွင်းထွက်ပင်ရင်း အခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးကို ပေးရာ၌ သီးခြားခြွင်းချက် စည်းကမ်းများကို ပြဋ္ဌာန်းရန် သင့်သည်လည်းတစ်ကြောင်း၊

ထိုအကြောင်းများကြောင့် ယင်းအက်ဥပဒေကို ပြဋ္ဌာန်းခြင်းဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

၈။ ယင်းအက်ဥပဒေတွင် ပုဒ်မပေါင်း (၃) ခုသာ ပါဝင်သည်။ ပုဒ်မ ၁ သည် ယင်းအက်ဥပဒေစတင်အာဏာတည်သည့်ရက်ကို ဖော်ပြထားပြီး ယင်းနေ့ရက်မှာ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ လ ၄ ရက်နေ့မှစ၍ အာဏာတည်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ထည့်သွင်းဖော်ပြထားသည်။

၉။ ပုဒ်မ ၂ တွင် ပြည်ထောင်စုနိုင်ငံအစိုးရသည် ပြည်ထောင်စုနိုင်ငံအတွင်းရှိ သတ္တုများမှစ၍ တွင်းထွက်ပင်ရင်း အခြေအမြစ်အမျိုးမျိုးကို ထုတ်ဖော်လုပ်ကိုင်နိုင်သော သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သောအခွင့်အရေးကို ဖော်ပြထားသော စည်းကမ်းများနှင့် မညီညွတ်လျှင်မည်သည့်ပုဂ္ဂိုလ် သို့တည်းမဟုတ် ကုမ္ပဏီ သို့တည်းမဟုတ် အဖွဲ့အစည်းများကိုမျှ ပေးနိုင်ခွင့်မရှိကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

၁၀။ ပုဒ်မ ၃ တွင်မူ နိုင်ငံတော်အစိုးရအနေဖြင့် ယင်းအက်ဥပဒေပါ ကိစ္စများနှင့် ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်အတွက် နည်းဥပဒေပြုပိုင်ခွင့်အာဏာပေးအပ်ထားခြင်းဖြစ်ပြီး နည်းဥပဒေပြုနိုင်မည့် ကိစ္စရပ်များကို ထည့်သွင်းဖော်ပြထားခြင်းဖြစ်သည်။

၁၁။ ထို့ကြောင့် နိုင်ငံတော်သမ္မတက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ တရားလွှတ်တော်ချုပ်ထံသို့ လွှဲအပ်မှု ၂ မှုကို တင်သွင်းခဲ့ပါသည်။

၁၂။ လွှဲအပ်မှုအမှတ် ၃/၁၉၅၂ နှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတက အောက်ဖော်ပြပါ ဥပဒေဆိုင်ရာအကြောင်းချင်းကို စဉ်းစားစေရန်အလို့ငှာ အစီရင်ခံတင်ပြနိုင်ရန်အတွက် ၁၉၅၂ ခုနှစ်၊ စက်တင်ဘာလ ၂၃ ရက်နေ့တွင် နိုင်ငံတော်သမ္မတ ဦးဘဦးက ပြည်ထောင်စုမြန်မာနိုင်ငံ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ နှင့်အညီ တင်သွင်းခဲ့ပါသည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင်ပါသော ပြဋ္ဌာန်းချက်များသည် ထိုပုဒ်မတွင် ဖော်ပြထားသော သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲခြင်း၊ တိုးတက်အောင်ပြုခြင်း၊ အသုံးချခြင်းတို့အတွက် လက်မှတ်ဖြင့်သော်၎င်း၊ လိုင်စင်ဖြင့်သော်၎င်း၊ အခြားနည်းဖြင့်သော်၎င်း၊ ထိုပုဒ်မတွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ၊ သို့တည်းမဟုတ် ကုမ္ပဏီများ၊ သို့တည်းမဟုတ် အဖွဲ့အစည်းများမှတစ်ပါး **အခြားပုဂ္ဂိုလ်တစ်ဦးဦးက သို့တည်းမဟုတ် ကုမ္ပဏီတစ်ခုခုက၊ သို့တည်းမဟုတ် အဖွဲ့အစည်းတစ်ခုခုက၊ ထိုအခြေခံ**

**ဥပဒေ အာဏာတည်သည့်အချိန်တွင် ရရှိထားပြီးသော တည်ဆဲအခွင့်အရေးနှင့် တစ်နည်းနည်း အားဖြင့် သက်ဆိုင်ပါသလော။**

(ခ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင်ပါသော ပြဋ္ဌာန်းချက်များသည် ထိုပုဒ်မတွင် ဖော်ပြထားသော သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲခြင်း၊ တိုးတက်အောင်ပြုခြင်း၊ အသုံးချခြင်းအတွက် **ထိုအခြေခံဥပဒေအာဏာတည်သည့်အချိန်တွင် ရရှိထားပြီးဖြစ်သော တည်ဆဲအခွင့်အရးကို ပေးအပ်သည့်၊ သို့တည်းမဟုတ် ရရှိစေသည့် လက်မှတ်တွင်ငင်း၊ လိုင်စင်တွင်သော်ငင်း၊ အခြားနည်းတွင်သော်ငင်း၊ ကာလအပိုင်းအခြား ကုန်ဆုံးသောအခါတွင်၊ ထိုသို့သော အခွင့်အရေးကို နောက်ကာလအပိုင်းအခြားအတွက် အသစ်လဲလှယ်စေနိုင်သည့်၊ သို့တည်းမဟုတ် ရရှိစေနိုင်သည့် အခွင့်အရေးတစ်ခုခုနှင့် တစ်နည်းနည်းအားဖြင့် သက်ဆိုင်ပါသလော။**

(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင်ပါသော ပြဋ္ဌာန်းချက်များသည် ထိုပုဒ်မတွင် ဖော်ပြထားသော သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲရန်ဖြစ်စေ၊ တိုးတက်အောင်ပြုရန်ဖြစ်စေ၊ အသုံးချရန်ဖြစ်စေ လက်မှတ်တွင်သော်ငင်း၊ လိုင်စင်တွင်သော်ငင်း၊ အခြားနည်းတွင်သော်ငင်း ပေးအပ်ထားသည့် အခွင့်အရေး၏ ကာလအပိုင်းအခြားသည် ထိုအခြေခံဥပဒေ အာဏာမတည်မီ ကုန်ဆုံးပြီးဖြစ်သော်လည်း၊ အဆိုပါ **လက်မှတ်တွင်ဖြစ်စေ၊ လိုင်စင်တွင်ဖြစ်စေ၊ အခြားနည်းတွင်ဖြစ်စေ၊ ထိုသို့သော အခွင့်အရေးကို နောက်ကာလအပိုင်းအခြားအတွက် အသစ်လဲစေနိုင်သည်ဟုငင်း၊ ပေးအပ်စေနိုင်သည်ဟုငင်း၊ ရရှိစေနိုင်သည်ဟုငင်း၊ ဖော်ပြပေးအပ်ခဲ့သည့်အခွင့်အရေးနှင့် ထိုပုဒ်မ ၂၁၉ တွင်ပါသော ပြဋ္ဌာန်းချက်များသည် တစ်နည်းနည်းအားဖြင့် သက်ဆိုင်ပါသလော။**

## လွှဲအပ်လွှာအပေါ် ဆောင်ရွက်ပုံအဆင့်ဆင့်

၁၃။ နိုင်ငံတော်သမ္မတကပေးပို့လာသောလွှဲအပ်လွှာကိုတရားလွှတ်တော်ချုပ်ဒုတိယအတွင်းဝန် ဦးခင်မောင်သန်းက လက်ခံရယူပြီး တင်ပြခဲ့သည်။ ၂၃-၉-၁၉၅၂ ရက်နေ့တွင် လွှဲအပ်လွှာကို လက်ခံရယူပြီးနောက် တင်ပြခဲ့ရာ ယင်းလွှဲအပ်လွှာနှင့်စပ်လျဉ်းပြီး အထူးလွှဲအပ်လွှာ အမှုအမှတ် ၂/ ၁၉၅၂ ၏ ဆုံးဖြတ်ချက်ကို သိလိုသဖြင့် တင်ပြရန် ပြောကြား၍ ၃၀-၉-၁၉၅၂ ရက်နေ့အထိ အမှုချိန်းဆိုခဲ့သည်။ ယင်းနောက် ၂၅-၉-၁၉၅၂ ရက်နေ့တွင် နိုင်ငံတော်ရှေ့နေချုပ်ထံသို့ အကြောင်းကြားစာထုတ်ဆင့်ရန်အတွက် စာမူကြမ်းကို ပြင်ဆင်ခဲ့ပြီး အတည်ပြုလက်မှတ်ရေးထိုး၍ ထုတ်ဆင့်ခဲ့သည်။ ယင်းအကြောင်းကြားစာကို တရားလွှတ်တော် ဘီလစ်စာရေးမှတစ်ဆင့် ပေးပို့ခဲ့သည်။ ၂၆-၉-၁၉၅၂ ရက်နေ့တွင် ယင်းအကြောင်းကြားစာ ထုတ်ဆင့်ခြင်း အတည်ဖြစ်ကြောင်းကို တွေ့ရှိခဲ့ရသည်။

၁၄။ ၃၀-၉-၁၉၅၂ ရက်နေ့တွင် ဒုတိယရှေ့နေချုပ်က လာရောက်၍ ယင်းလွှဲအပ်လွှာနှင့် စပ်လျဉ်း၍ အကျိုးသက်ဆိုင်သည့် ပုဂ္ဂိုလ်များနှင့် အဖွဲ့အစည်းများအနေဖြင့် လာရောက်နိုင်ရေး အတွက် သတင်းစာတွင် အသိပေးကြေညာချက် ထုတ်ပြန်သင့်ကြောင်း အကြံပြုတင်ပြခဲ့သည်။ ထို့နောက် ရုံးတော်အနေဖြင့် အသိပေးကြေညာချက်မူကြမ်းကို အင်္ဂလိပ်၊ မြန်မာ နှစ်ဘာသာ ပြုစု ထားခဲ့သည်။

၁၅။ ၁၁-၁၀-၁၉၅၂ ရက်နေ့တွင် ယင်းမူကြမ်းများကို အတည်ပြုခဲ့သည်။ ထို့နောက် ယင်း မူကြမ်းများကို တရားရုံး ရုံးခန်းတွင် လာရောက်၍ ရှေ့နေချုပ်ရုံးမှ တင်ပြရန် ရှိပါက တင်ပြရန် အကြောင်းကြားခဲ့သည်။ ယင်းမူကြမ်းများကို ရှေ့နေချုပ်က သီးခြားတင်ပြခြင်းမရှိ၍ ရုံးချိန်းပေး လိုက်သည်။

၁၆။ ဒုတိယရှေ့နေချုပ် ဦးချန်ထွန်းအောင်က ယင်းမူကြမ်းကို အတည်ပြုခဲ့သည်။ ယင်းအသိပေး ကြေညာချက်ကို နေးရှင်း(Nation)၊ ဟံသာဝတီ၊ နယူးတိုင်း (New Time) နှင့် ဘားမန်း (Burmen) သတင်းစာတို့၌ နေ့ရက်အသီးသီးတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။ ယင်းအသိပေး ကြေညာချက်တွင် ၁-၁၂-၁၉၅၂ ရက်နေ့ နောက်ဆုံးထားလာရောက်ရမည်ဟု သတ်မှတ်ထားပြီး ယင်းနေ့တွင် အမှုကိုဆက်လက်ဆောင်ရွက်ရမည်ဖြစ်သည်။

၁၇။ ၃၀-၁၀-၁၉၅၂ ရက်နေ့တွင် အသိပေး ကြေညာချက်များကို သက်ဆိုင်ရာသတင်းစာ တိုက်များထံသို့ ပေးပို့ရန်စာများကို ပြင်ဆင်ပြီး အတည်ပြုလက်မှတ်ရေးထိုး ထုတ်ဆင့်ခဲ့သည်။ ၁၃-၁၁-၁၉၅၂ ရက်နေ့တွင် မြန်မာ့သတ္တုတွင်းအဖွဲ့က အကျိုးသက်ဆိုင်သူအဖြစ် ရုံးတော်သို့ လာရောက်ခွင့်ပြုပါရန် တောင်းဆိုခဲ့ပြီး အမှုကြားနာမည့်နေ့ရက်ကို အကြောင်းကြားပေးပါရန် တင်ပြခဲ့သည်။

၁၈။ ၁၉-၁၁-၁၉၅၂ ရက်နေ့တွင် ယင်းလွှဲအပ်လွှာနှင့်စပ်လျဉ်း၍ မြန်မာ့သတ္တုတွင်းအဖွဲ့၏ အတွင်းရေးမှူးထံသို့လက်ခံကြောင်း အကြောင်းပြန်ကြားစာကို ပြန်လည်ပေးပို့ခဲ့သည်။

၁၉။ အသိပေးကြေညာချက်တွင် ဖော်ပြထားသည့် ၁-၁၂-၁၉၅၂ ရက်နေ့တွင် မစ္စတာ ဆူးမားက Anglo - Burma Tin လီမိတက်၊ The Consolidate Tin Mines of Burma လီမိတက်၊ the Kanbauk Mines လီမိတက်၊ The High Speed Steel Alloys Mining လီမိတက်၊ King Island Estates လီမိတက်၊ Mountview Rubber Estate လီမိတက်၊ Moulmein Rubber Plantations လီမိတက်၊ Mergui Crown Estates လီမိတက်၊ Tenasserin Plantations လီမိတက်၊ Burma Estates လီမိတက်၊ Sittang Valley Rubber Estate လီမိတက် နှင့် The Rubber Trust လီမိတက်တို့အတွက် ရှေ့နေကိုယ်စားလှယ်လွှဲစာ တင်ပြခဲ့သည်။ မစ္စတာ ဟော့ရော့ကလည်း Indo Burma Petroleum ကုမ္ပဏီလီမိတက်၊ Pyimme Development ကုမ္ပဏီလီမိတက်၊

Lenye Mining ကုမ္ပဏီလီမိတက်၊ Burma Cement ကုမ္ပဏီလီမိတက်၊ Irrawaddy Petroleum Oil Syndicate ကုမ္ပဏီလီမိတက်၊ Mollaoil Oil ကုမ္ပဏီလီမိတက်၊ Mawchi Mines ကုမ္ပဏီလီမိတက်၊ The British Burma Petroleum ကုမ္ပဏီလီမိတက်နှင့် Burmah Oil ကုမ္ပဏီလီမိတက် (Burma Concession) တို့အတွက် ရှေ့နေကိုယ်စားလှယ်လွှဲစာ တင်ပြခဲ့သည်။ မြန်မာ့သတ္တုတွင်းအဖွဲ့၏ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများဖြစ်ကြသော ဦးစိန်ဟန်နှင့် မစ္စတာ ဟန်စမင်တို့က လူကိုယ်တိုင်လာရောက်ခဲ့သည့်အပြင် လုပ်ငန်းကိစ္စများကို ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် တရားလွှတ်တော်ရှေ့နေတစ်ဦးကို ဆက်သွယ်၍ ရှေ့နေကိုယ်စားလှယ်လွှဲစာ တင်ပြမည် ဖြစ်ကြောင်း ပြောကြားခဲ့သည်။

၂၀။ ထို့အပြင် မစ္စတာ ဟောရေ့ာ၊ မစ္စတာ ဆူးမား နှင့် ဦးစိန်ဟန်တို့က လွှဲအပ်လွှာအမှုအမှတ် ၂/၁၉၅၂ တွင် ပါဝင်သည့် ကုမ္ပဏီများနှင့် အဖွဲ့တို့အတွက် လာရောက်နိုင်သည့် အခွင့်အရေးကို ရရှိနိုင်ရန် ခွင့်ပြုပေးသင့်ကြောင်း တောင်းဆိုခဲ့ကြသည်။

၂၁။ ၄-၁၂-၁၉၅၂ ရက်နေ့တွင် တရားသူကြီး ဦးမောင်က ယင်းကိစ္စနှင့်စပ်လျဉ်း၍ ၎င်း၏ စာရင်းတွင် ထည့်သွင်းထားကြောင်း ပြောကြားခဲ့သည်။ ထို့နောက် မစ္စတာဟောရေ့ာက စတီး ဘရားသားကုမ္ပဏီအတွက် လာရောက်ကြောင်း တင်သွင်းခဲ့သည်။ မစ္စတာဆူးမားနှင့် နိုင်ငံတော် ရှေ့နေချုပ်တို့ ရုံးတော်သို့ လာရောက်ခဲ့သည်။

၂၂။ ၃-၂-၁၉၅၃ ရက်နေ့တွင် ရုံးတော်သို့ တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၊ တရားဝန်ကြီး ဦးမြင့်သိန်းနှင့် တရားဝန်ကြီး ဦးထွန်းဖြူတို့ စုံညီစွာတက်ရောက်ပြီး ရှေ့နေချုပ် ဦးချန်ထွန်း၊ မစ္စတာ ဆူးမားနှင့် မစ္စတာ ဟောရေ့ာတို့ လာရောက်သည်။ မစ္စတာ ဟောရေ့ာ၏ လျှောက်လဲချက်များကို ကြားနာပြီးနောက် ပညာရှိရှေ့နေချုပ်ကြီးက နောက်ထပ် ညွှန်ကြားချက်များရယူရန် အချိန်ထပ်မံပေးအပ်ရန် လိုအပ်ကြောင်း တောင်းခံခဲ့သဖြင့် အမှုကို ဆက်လက်ကြားနိုင်ရန် အတွက် ၁၆-၂-၁၉၅၃ ရက်သို့ ချိန်းဆိုခဲ့သည်။

၂၃။ ၁၆-၂-၁၉၅၃ ရက်နေ့တွင် နိုင်ငံတော်ကိုယ်စားလာရောက်သည့် နိုင်ငံတော်ရှေ့နေချုပ် ဦးဘစိန်က ယင်းလွှဲအပ်လွှာကို ရုပ်သိမ်းပေးရန် ညွှန်ကြားသဖြင့် နိုင်ငံတော်သမ္မတကိုယ်စား ရုပ်သိမ်းခွင့်ပြုပေးရန်အတွက် တောင်းဆိုခဲ့သည်။ တရားပြိုင် ကုမ္ပဏီများ၏ ရှေ့နေ မစ္စတာ ဆူးမားနှင့် မစ္စတာ ဟောရေ့ာတို့က ကန့်ကွက်ခြင်းမရှိခဲ့သဖြင့် ယင်းလွှဲအပ်လွှာကို ရုပ်သိမ်းခွင့်ပြုကြောင်း အမိန့်ချခဲ့သည်။

## လွှဲအပ်လွှာ အမှုအမှတ် ၂/၁၉၅၂၏ ဆုံးဖြတ်ချက်

၂၄။ လွှဲအပ်လွှာအမှုအမှတ် ၂/၁၉၅၂ ကို နိုင်ငံတော်တရားဝန်ကြီးချုပ် ဦးသိမ်းမောင်၊ တရားဝန်ကြီး ဦးမြင့်သိန်းနှင့် တရားဝန်ကြီး ဦးထွန်းဖြူတို့၏ ရှေ့မှောက်တွင် ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး နိုင်ငံတော်သမ္မတထံသို့အစီရင်ခံစာ တင်ပြခဲ့ပါသည်။

၂၅။ လွှဲအပ်လွှာ အမှုအမှတ် ၂/၁၉၅၂ သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ ပါ စကားရပ်များနှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ ပြဿနာနှစ်ခုကို တရားလွှတ်တော်ချုပ်သို့ စဉ်းစားသုံးသပ်စေရန်အလို့ငှာ နိုင်ငံတော်သမ္မတက ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ လွှဲအပ်ခဲ့ခြင်းဖြစ်သည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံ၏ သတ္တုစသည့် သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲနိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင် ပြုလုပ်နိုင်သော၊ သို့တည်းမဟုတ် အသုံးချနိုင်သော အခွင့်အရေးကို ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ သို့တည်းမဟုတ် အဖွဲ့အစည်းများမှတစ်ပါး အခြားပုဂ္ဂိုလ်အား၊ သို့တည်းမဟုတ် ကုမ္ပဏီအား၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား ပေးနိုင်ရန်အလို့ငှါ သီးခြားခြွင်းချက်စည်းကမ်းများ ပြဋ္ဌာန်းခြင်းဖြင့်၎င်း၊ အခြားတစ်နည်းနည်းဖြင့်လည်းကောင်း တရားဥပဒေပြုနိုင်သည့်အာဏာသည် ပြည်ထောင်စုပါလီမန်တွင် ရှိပါသလော။

(ခ) ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံ တွင်းထွက်ပင်ရင်းအခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေ (၁၉၄၉ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇) တစ်ခုလုံးသည်၎င်း၊ အစိတ်အပိုင်းတစ်ခုခုသည်၎င်း ပြည်ထောင်စုပါလီမန်၏ ဥပဒေပြုအာဏာ နယ်နိမိတ်အပြင်သို့ ကျရောက်လျက် ဥပဒေအာဏာမတည်ဟု ဆိုရပါမည်လော။

၂၆။ ပထမပြဿနာအတွက် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင်ပါရှိသော စကားများအနက်၊ (**ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှါ၊ ပါလီမန်၏ အက်ဥပဒေအရ၊ ပြဋ္ဌာန်းထားသော သီးခြားခြွင်းချက် စည်းကမ်းချက်များနှင့် မဆန့်ကျင်လျှင်)** ဟူသော စကားများသည်၊ အရေးအကြီးဆုံးဖြစ်သည်။ ပုဒ်မ ၂၁၉ ကို အခြားပုဒ်မများနှင့်၎င်း၊ အခြားပြဋ္ဌာန်းချက်များနှင့်၎င်း မနှိုင်းယှဉ်ဘဲ၊ သူ့ချင်းသက်သက် ဖတ်ရှုမည်ဆိုလျှင် (**ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှါ၊ ပါလီမန်၏ အက်ဥပဒေအရ၊ ပြဋ္ဌာန်းထားသော သီးခြားခြွင်းချက် စည်းကမ်းချက်များနှင့် မဆန့်ကျင်လျှင်)** ဟူသော စကားများသည်၊ ပြည်ထောင်စုနိုင်ငံသည်၊ ပြည်ထောင်စုနိုင်ငံသားများအား၊ သို့တည်းမဟုတ် ပြည်ထောင်စုနိုင်ငံသားများ အနည်းဆုံးရာခိုင်နှုန်း ၆၀ မျှ ပါဝင်သည့် ငွေရင်းရှိသော ကုမ္ပဏီများ၊ သို့မဟုတ် အဖွဲ့အစည်းများအား အခွင့်အရေး ပေးနိုင်ခြင်းကို ချုပ်ချယ်သောစကားများ ဖြစ်သယောင်ယောင်ရှိသည်။ အက်ဥပဒေနှင့် မဆန့်ကျင်မှ အခွင့်အရေး

များကို ပြည်ထောင်စုနိုင်ငံသည် ၎င်းတို့အား ပေးနိုင်သည်ဟု ဆိုသယောင်ယောင် ရှိသည်။ သို့ဖြစ်၍၊ ထိုအခွင့်အရေးများကို ၎င်းတို့အားပေးနိုင်ခွင့် ပြည်ထောင်စုနိုင်ငံ၏ အာဏာတွင် ခြွင်းချက်ပြု၍၊ ထိုအာဏာကို ချုပ်ချယ်သော စကားများ ဖြစ်သယောင်ယောင် ရှိသည်။

၂၇။ ထိုပုဒ်မအရ၊ သဘာဝပင်ရင်းအခြေအမြစ်များကို၊ ပြည်ထောင်စုနိုင်ငံက လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင် ပြုရမည်ဖြစ်သော်လည်း ပြည်ထောင်စုနိုင်ငံသည်၊ ထိုအခွင့်အရေးများကို ပြည်ထောင်စုနိုင်ငံသားများနှင့် ဆိုခဲ့သော ကုမ္ပဏီ၊ အဖွဲ့အစည်းများအား ပေးနိုင်သည်။ သို့ရာတွင် ပါလီမန်၏ အက်ဥပဒေအရ၊ ပြဋ္ဌာန်းထားသော သီးခြားခြွင်းချက်စည်းကမ်းများနှင့် ဆန့်ကျင်လျှင် မပေးရဟု တားမြစ်သကဲ့သို့ ရှိသည်။

၂၈။ သို့ရာတွင် အခြေခံဥပဒေကို အင်္ဂလိပ် - မြန်မာနှစ်ဘာသာဖြင့် ပြဋ္ဌာန်းအတည်ပြု၍ထားသည်။ ထိုဥပဒေ ပုဒ်မ ၂၁၇ အရလည်း အင်္ဂလိပ်ဘာသာဖြင့် ပြဋ္ဌာန်းချက်တို့သည်၊ မြန်မာဘာသာဖြင့် ပြဋ္ဌာန်းချက်များကဲ့သို့ပင် အာနိသင်ရှိသည်။ သို့အတွက် ပုဒ်မ ၂၁၉ အတွက်မှာ၊ မြန်မာဘာသာကိုသာ မဟုတ်ဘဲ၊ အင်္ဂလိပ်ဘာသာကိုပါ ကြည့်ရှု၍ စဉ်းစားရချေမည်။ ထိုသို့စဉ်းစားသောအခါ၊ **(ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှါ၊ ပါလီမန်၏ အက်ဥပဒေအရ သီးခြားခြွင်းချက်စည်းကမ်းများနှင့် မဆန့်ကျင်လျှင်)** ဟူသော စကားများကို **"subject to such specific exceptions as may be authorized by an Act of Parliament in the interest of the Union"** ဟု ဘာသာပြန်၍ထားကြောင်း တွေ့မြင်ရသည်။

၂၉။ **(ပြဋ္ဌာန်းထားသော)** ဆိုသော မြန်မာစကားနှင့် **"authorized"** ဟူသော အင်္ဂလိပ်စကားတို့သည် အဓိပ္ပါယ်မတူကြ။ **"authorized"** ၏ အဓိပ္ပါယ်မှာ (**ခွင့်ပြုထားသော**) ဖြစ်သည်။ **(ပြဋ္ဌာန်းထားသော)** အစား **(ခွင့်ပြုထားသော)** **(ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှါ၊ ပါလီမန်၏ အက်ဥပဒေအရ၊ ခွင့်ပြုထားသော သီးခြားခြွင်းချက်စည်းကမ်းများနှင့် မဆန့်ကျင်လျှင်)** ဖြစ်၍လာသည်။ သို့ဖြစ်၍ လာသောအခါ သဘောအဓိပ္ပါယ်သည် ပြောင်း၍သွားသည်။

၃၀။ မူလရှိရင်းစွဲဖြစ်သော **(ပါလီမန်၏ အက်ဥပဒေအရ၊ ပြဋ္ဌာန်းထားသော သီးခြားခြွင်းချက်စည်းကမ်းများနှင့် မဆန့်ကျင်လျှင်)** ဟူသော စကားများသည်၊ ပြည်ထောင်စုနိုင်ငံသားများနှင့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအား အခွင့်အရေးပေးရန် ပြည်ထောင်စုနိုင်ငံ၏ တန်ခိုးအာဏာကို ချုပ်ချယ်သကဲ့သို့ ရှိခဲ့သော်လည်း ပါလီမန်၏ ပြဋ္ဌာန်းချက်သည် သီးခြားခြွင်းချက်အနေဖြင့် ခွင့်ပြုသော ပြဋ္ဌာန်းချက် ဖြစ်ရမည်ဆိုသည်နှင့်တစ်ပြိုင်နက်၊ အက်ဥပဒေဖြင့် ခွင့်ပြုသော သီးခြားခြွင်းချက်သည် (ပင်ရင်း အခြေအမြစ်များကို ပြည်ထောင်စုနိုင်ငံက လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင် ပြုရမည်) ဟူသော ပြဋ္ဌာန်းချက်၏ ခြွင်းချက်ဖြစ်ရမည်ဟု အနည်းငယ်ထင်ရှား၍လာ၏။ ထိုသီးခြားခြွင်းချက်သည်၊ ပြည်ထောင်စုနိုင်ငံသားများနှင့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအား အခွင့်

အရေးများကို ပြည်ထောင်စုနိုင်ငံက ပေးနိုင်ခွင့်ကို ချုတ်ချယ်သော ခြွင်းချက်မဟုတ်နိုင်ကြောင်း အနည်းငယ်ထင်ရှား၍လာ၏။

၃၁။ သို့ရာတွင် ထိုကဲ့သို့ အဓိပ္ပါယ်သဘောကို ကောက်ယူရာမှာ (**မဆန့်ကျင်လျှင်**) ဟူသော စကားများက ခုၡ်နေသကဲ့သို့ ရှိသေးသည်။ သို့အတွက် အထက်တွင် ဖော်ပြခဲ့သော အင်္ဂလိပ်ဘာသာစကားများကို ထပ်၍ သုံးသပ်ရန် လိုပြန်သည်၊ ထိုသို့သုံးသပ်သောအခါ (**မဆန့်ကျင်လျှင်**) ဟူသော မြန်မာစကားများအစား၊ အင်္ဂလိပ်စကားတွင် **"subject to"** ဟု သုံး၍ ထားသည်ကို တွေ့ရသည်။ **"subject to"** ၏ သဘောအဓိပ္ပါယ်မှာ (**အထောက်အထားပြု၍**) သို့မဟုတ် (**မဆန့်ကျင်စေမူ၍**) သို့မဟုတ် (**အညွှံ့ပေး၍**) ဖြစ်သည်။ သို့အတွက်၊ (**မဆန့်ကျင်လျှင်**) ဟူသော စကားများ၏ သဘောအဓိပ္ပါယ်ကို ဤနေရာတွင် (**မဆန့်ကျင်စေမူ၍**) ဟု ကောက်ယူမှသာလျှင်၊ တိုင်းပြည်ပြုလွှတ်တော်၏ အာဘော်ကို မိလိမ့်မည်။

၃၂။ ဤသို့သဘောအဓိပ္ပါယ်ကောက်ယူပြီးလျှင်၊ မူလစာပိုဒ်ကိုဖတ်လျှင် **(ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှာ၊ ပါလီမန်၏ အက်ဥပဒေအရ၊ ခွင့်ပြုထားသော သီးခြားခြွင်းချက်စည်းကမ်းများကို မဆန့်ကျင်စေမူ၍၊ ပြည်ထောင်စုနိုင်ငံသည်။ ပြည်ထောင်စုနိုင်ငံသားများနှင့် ကုမ္ပဏီ၊ အဖွဲ့အစည်းများအား အခွင့်အရေးပေးနိုင်သည်)** ဟု ဖြစ်၍လာသည်။

၃၃။ သို့ဖြစ်၍လာသည့်အတိုင်း ပုဒ်မ ၂၁၉ ကို သုံးသပ်ဝေဖန်လျှင်၊ ၎င်းမှာ အပိုင်း ၃ ပိုင်း ပါရှိကြောင်း ထင်ရှား၍လာသည်။

၃၄။ ပထမအပိုင်းမှာ၊ သဘာဝပင်ရင်းအခြေအမြစ်များကို၊ ပြည်ထောင်စုနိုင်ငံက လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင်ပြုရမည် ဟူသော အပိုင်းဖြစ်သည်။

၃၅။ ဒုတိယပိုင်းမှာ၊ အထက်ပါစည်းကမ်းတွင်၊ ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှာ၊ ပါလီမန်က အက်ဥပဒေအရ ခွင့်ပြုသော သီးခြားခြွင်းချက်စည်းကမ်းများ ပြုလုပ်နိုင်သည် ဟူသော အပိုင်းဖြစ်သည်။

၃၆။ တတိယပိုင်းမှာ၊ ပါလီမန်ကအက်ဥပဒေဖြင့် ခွင့်ပြုသော သီးခြားခြွင်းချက်စည်းကမ်းများကို မဆန့်ကျင်စေမူ၍၊ ပြည်ထောင်စုနိုင်ငံသည်၊ ပြည်ထောင်စုနိုင်ငံသားများနှင့် ဆိုခဲ့သော ကုမ္ပဏီ၊ အသင်းအဖွဲ့များအား အခွင့်အရေးကို ပေးနိုင်သည် ဟူသော အပိုင်းဖြစ်သည်။

၃၇။ ပထမပိုင်းအရ၊ သဘာဝပင်ရင်းအခြေအမြစ်များကို၊ ပြည်ထောင်စုနိုင်ငံက လုပ်ကိုင်သုံးစွဲ၍၊ တိုးတက်အောင်ပြုရမည်ဆိုသော်လည်း အချို့သဘာဝပင်ရင်းအခြေအမြစ်များအတွက်မှာမူ၊ ပြည်ထောင်စုနိုင်ငံက လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင်ပြုရမည့်အစား အခြားသူများ၊ သို့မဟုတ် ကုမ္ပဏီ၊ အသင်းအဖွဲ့အစည်းများအား လုပ်ကိုင်သုံးစွဲစေ၍ တိုးတက်အောင်ပြုခွင့်ပေးနိုင်စေရန်

ပါလီမန်သည် ဒုတိယပိုင်းအရ ဥပဒေဖြင့် ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှာ ခြွင်းချက်များ ပြုလုပ်နိုင်သည်။

၃၈။ တတိယပိုင်းအရလည်း၊ မြန်မာနိုင်ငံတော်အစိုးရသည် မိမိကိုယ်တိုင်မလုပ်ကိုင်မသုံးစွဲနိုင်သေးသော၊ သို့မဟုတ် မလုပ်ကိုင်မသုံးစွဲလိုသေးသော သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင်ပြုရန် ပြည်ထောင်စုနိုင်ငံသားများအား၊ သို့မဟုတ် ဆိုခဲ့သောကုမ္ပဏီ၊ အသင်းအဖွဲ့များအား ခွင့်ပြုနိုင်သည်။ သို့ခွင့်ပြုရာမှာမူ၊ ပါလီမန်က အက်ဥပဒေအရ ခွင့်ပြုထားသော သီးခြားခြွင်းချက်များရှိလျှင် ၎င်းတို့ကို အထောက်အထားပြု၍ ခွင့်ပြုရမည်။ ဥပမာပုံ၊ ပါလီမန်က သဘာဝပင်ရင်းအခြေအမြစ်တမျိုးမျိုးကို လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင်ပြုရန် အခွင့်အရေးများကို ပြည်ထောင်စုနိုင်ငံသားများထံမှ အနည်းဆုံး ရာခိုင်နှုန်း မည်မျှပါဝင်သောကုမ္ပဏီ၊ သို့မဟုတ် အသင်းအဖွဲ့များအား ပေးနိုင်စေရမည်ဟု သီးခြားခြွင်းချက်အက်ဥပဒေဖြင့် လုပ်၍ထားလျှင်၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရသည် တတိယပိုင်းအရ မိမိ၏အာဏာကို အသုံးပြုရာ၌၊ ထိုခြွင်းချက်ကို မဆန့်ကျင်စေရ။ ထိုခြွင်းချက်ကို ရိုသေလေးစားရမည်။ တတိယပိုင်းကို ဤကဲ့သို့ သဘောအဓိပ္ပါယ် ကောက်ယူခြင်းသည်၊ ထိုအပိုင်းအရ၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရရရှိသောအာဏာကို အကျယ်ပြန့်ဆုံးဖြစ်အောင် ကောက်ယူခြင်းဖြစ်၍၊ အထက်တွင်ဖော်ပြခဲ့သော နည်းဥပဒေသများနှင့်ညီညွတ်သည်၊ ထိုမှတစ်ပါး ထိုကဲ့သို့ ကောက်ယူခြင်းသည်၊ အခြေခံဥပဒေ ပုဒ်မ ၄၄ (၂) ၏ သဘောနှင့်လည်း လိုက်လျောညီညွတ်သည်။ ပြည်ထောင်စုနိုင်ငံတော်အစိုးရ၏အာဏာကို ဤမျှကျယ်ပြန့်အောင် အဓိပ္ပါယ်သဘော ကောက်ယူသော်လည်း စိုးရိမ်စရာမရှိနိုင်ကြောင်းကို၊ ပုဒ်မ ၂၁၉ တွင်ပါရှိသော ခြွင်းချက်အရ ထင်ရှားသည်။ ထိုခြွင်းချက်အရ၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရက ပေး၍ထားသော အခွင့်အရေးများကို၊ ပြည်သူ့အကျိုးအတွက် လိုအပ်သောအခါ၊ ပါလီမန်က ပြင်နိုင်ရမည်၊ ပြောင်းနိုင်ရမည်၊ သို့တည်းမဟုတ် ရုပ်သိမ်းနိုင်ရမည်။ သို့အတွက်အထက်တွင် အဓိပ္ပါယ်သဘောကောက်ယူသည့်အတိုင်း၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရမှာ ကျယ်ပြန့်သောအာဏာရှိသော်လည်း၊ ပြည်သူ့အကျိုးအတွက် ဝင်စွက်ရန်လိုလျှင်၊ ပါလီမန်လည်း ဝင်စွက်နိုင်မည်သာဖြစ်သည်။

၃၉။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း၊ ပုဒ်မ ၂၁၉ ၏ အပိုင်း ၃ ပိုင်းတို့ကို သဘောအဓိပ္ပါယ်ကောက်ယူခြင်းသည်၊ အခါအားလျော်စွာ ဖြစ်ပေါ်လာသော အကြောင်းခြင်းရာ အခြေအနေများကို ခြုံငုံမိအောင် ကြီးထွားကျယ်ပြန့်နိုင်စေရန် သဘောအဓိပ္ပါယ်ကို ကောက်ယူရမည်ဟူသော ဥပဒေသနှင့်လည်း ညီညွတ်သည်။

၄၀။ သို့အတွက်၊ ပုဒ်မ ၂၁၉ ၏ အဓိပ္ပါယ်သဘောအချုပ်မှာ (သဘာဝပင်ရင်းအခြေအမြစ်များကို၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရက လုပ်ကိုင်သုံးစွဲ၍၊ တိုးတက်အောင်ပြုရမည်။ သို့ရာတွင် ထိုစည်းကမ်းတွင်၊ ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှာ၊ ပါလီမန်က အက်ဥပဒေဖြင့်

ခြွင်းချက်များ ပြုလုပ်နိုင်သည်။ ထိုမှတစ်ပါး၊ ထိုခြွင်းချက်များကို အထောက်အထားပြု၍၊ ပြည်ထောင်စုနိုင်ငံတော်အစိုးရသည်၊ သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲရန် တိုးတက်အောင်ပြုရန် အခွင့်အရေးများကို၊ ပြည်ထောင်စုနိုင်ငံသားများအား၊ သို့မဟုတ် ၎င်းတို့ ထံမှ ငွေရင်းအနည်းဆုံးရာခိုင်နှုန်း ၆၀ ပါသော ကုမ္ပဏီများ၊ သို့မဟုတ် အဖွဲ့အစည်းများအား ပေးနိုင်သည်) ဖြစ်ကြောင်း ဤရုံးတော်က ကောက်ယူဆုံးဖြတ်သည်။

၄၁။ သို့ကောက်ယူဆုံးဖြတ်သည့်အတိုင်း နိုင်ငံတော်သမ္မတက လွှဲအပ်သည့်ပထမပြဿနာကို ပြည်ထောင်စုပါလီမန်တွင် သီးခြားခြွင်းချက် စည်းကမ်းပြဋ္ဌာန်းခြင်းဖြင့် တရားဥပဒေပြုနိုင်သည့် အာဏာရှိသည်ဟု ဖြေဆိုရမည်။

၄၂။ နိုင်ငံတော်သမတက လွှဲအပ်တော်မူသော ဒုတိယပြဿနာနှင့် စပ်လျဉ်း၍ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံတွင်းထွက်ပင်ရင်းအခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သောအခွင့်အရေး ပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေသည်၊ သို့မဟုတ် ထိုဥပဒေအစိတ်အပိုင်း တစ်ခုခုသည်၊ ပြည်ထောင်စုပါလီမန်၏ ဥပဒေပြုအာဏာ နယ်နိမိတ်အပြင်သို့ ကျရောက်သည် မကျရောက် သည်ကို စီစစ်ဝေဖန်ရာ၌ ထိုအက်ဥပဒေသည်၊ သို့မဟုတ် ထိုအက်ဥပဒေ၏ အစိတ်အပိုင်းတစ် ခုခုသည် ပုဒ်မ ၂၁၉ အရ၊ ပါလီမန်က အက်ဥပဒေဖြင့် ပြဋ္ဌာန်းနိုင်သော သီးခြားခြွင်းချက် စည်းကမ်းများ ဟုတ် မဟုတ် စီစစ်ဝေဖန်ရချေမည်။

၄၃။ ထိုအက်ဥပဒေကို မည်သည့်အတွက် ပြဋ္ဌာန်းရကြောင်း ဖော်ပြရာတွင်၊ အကြောင်းနှစ်ခု ပြ၍ထားသည်။ ပထမအကြောင်းမှာ တရားဥပဒေဖြင့် သီးခြားခြွင်းချက်စည်းကမ်းများ ပြဋ္ဌာန်း နိုင်သည့်အာဏာကို ပြည်ထောင်စုပါလီမန်အား အခြေခံဥပဒေ ပုဒ်မ ၂၁၉ ဖြင့် အပ်နှင်းထား ကြောင်း ဖြစ်သည်။ ဒုတိယအကြောင်းမှာ ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှါ၊ သီးခြား ခြွင်းချက် စည်းကမ်းများကို ပြဋ္ဌာန်းရန်သင့်ကြောင်းဖြစ်သည်။

၄၄။ ထိုအက်ဥပဒေ ပုဒ်မ ၂ အရမှာလည်း၊ ထိုပုဒ်မတွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းချက်များကို အခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင် ရည်ညွှန်းထားသော သီးခြားခြွင်းချက်စည်းကမ်းများအဖြစ်ဖြင့် ပြဋ္ဌာန်းထားကြောင်းပါရှိသည်။ သည်မျှသာမကသေး ထိုပုဒ်မတွင်ပါရှိသော ပြဋ္ဌာန်းချက်များကို စီစစ်၍ ကြည့်သောအခါမှာလည်း ၎င်းတို့သည် ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှါဖြစ် ကြောင်း တွေ့မြင်ရသည်။

ထိုပြဋ္ဌာန်းချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်။

"(က) ပြည်ထောင်စုနိုင်ငံသား တဦးတယောက်ကသော်၎င်း၊ ပြည်ထောင်စုနိုင်ငံသားများ ထံမှ အနည်းဆုံးရာခိုင်နှုန်းခြောက်ဆယ်မျှပါဝင်သည့် ငွေရင်းရှိသော ကုမ္ပဏီတခုခု က၊ သို့တည်းမဟုတ် အဖွဲ့အစည်းတခုခုကသော်၎င်း ထိုတွင်းထွက်ပင်ရင်းအခြေ

အမြစ်များကို၊ နိုင်ငံတော်အကျိုးဖြစ်ထွန်းအောင်ပြုရန်ဖြစ်စေ စွမ်းဆောင်နိုင်လိမ့်မည်မဟုတ်ဟူ၍ နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန် အကြောင်းရှိခြင်း။

(ခ) အထက်အပိုဒ် (က)တွင် ဖော်ပြထားခြင်းမရှိသောပုဂ္ဂိုလ်၊ သို့တည်းမဟုတ် ကုမ္ပဏီ၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား၊ ထိုထုတ်ဖော်လုပ်ကိုင်နိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော အခွင့်အရေးမျိုးကို မပေးဘဲနေခဲ့သော်၊ ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားကို ပျက်ပြားစေမည်ဟူ၍ နိုင်ငံတော်အစိုးရက ယုံကြည်ယူဆရန် အကြောင်းရှိခြင်း။

(ဂ) အခွင့်အရေးကို အသစ်ထုတ်ပေးရာ၌၎င်း၊ အဟောင်းကို ထပ်မံပြုပြင်ထုတ်ပေးရာ၌၎င်း ထိုအခွင့်အရေးသည် တည်ဆဲဖြစ်သော သတ္တုတူးဖော်ခွင့်နည်းဥပဒေများအရ သာလျှင်ဖြစ်စေခြင်း။

(ဃ) ထိုအခွင့်အရေးကို နိုင်ငံတော်အစိုးရ၏ စီးပွားရေးစီမံကိန်းနှင့် အညီအညွတ်ဖြစ်စေခြင်း။"

၄၅။ ထိုအက်ဥပဒေ၏ ကျန်အစိတ်အပိုင်းများမှာ၊ ထိုအက်ဥပဒေသည် မည်သည့်နေ့ရက်မှစ၍ အာဏာတည်ရမည် ဟူသော ပြဋ္ဌာန်းချက်နှင့် ထိုအက်ဥပဒေပါ ကိစ္စများနှင့် ရည်ရွယ်ချက်များကို ဆောင်ရွက်ရန်နည်းဥပဒေများ လုပ်နိုင်ခွင့်ဆိုင်ရာပြဋ္ဌာန်းချက်များသာဖြစ်သည်။

၄၆။ သို့ဖြစ်၍ ထိုအက်ဥပဒေသည် အခြေခံဥပဒေ ပုဒ်မ ၂၁၉ အတွင်း အကျုံးဝင်သော သီးခြားခြင်းချက်စည်းကမ်းများဆိုင်ရာ အက်ဥပဒေမျှသာဖြစ်သည်။ သို့အတွက် ထိုအက်ဥပဒေသည်၎င်း၊ ထိုအက်ဥပဒေ၏ အစိတ်အပိုင်းတခုခုသည်၎င်း ပြည်ထောင်စုပါလီမန်၏ ဥပဒေပြုအာဏာနယ်နိမိတ်အပြင်သို့ ကျရောက်သည် မဟုတ်ချေ။ ထိုအက်ဥပဒေကို အာဏာမတည်ဟု မဆိုနိုင်ချေ။

၄၇။ ယင်းလွှဲအပ်လွှာပါ အကြောင်းအချက်များကို ဆင်ခြင်သုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတလွှဲအပ်လာသော ပြဿနာများကို အောက်ဖော်ပြပါအတိုင်း ဖြေကြား၍ နိုင်ငံတော်သမ္မတထံသို့ အစီရင်ခံတင်ပြခဲ့သည်။

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သတ္တုစသည့် သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲနိုင်သော၊ သို့တည်းမဟုတ် တိုးတက်အောင်ပြုနိုင်သော၊ သို့တည်းမဟုတ် အသုံးချနိုင်သော အခွင့်အရေးများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ တွင် ဖော်ပြထားသော ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ၊ သို့တည်းမဟုတ် အဖွဲ့အစည်းများမှတပါး အခြားပုဂ္ဂိုလ်အား၊ သို့တည်းမဟုတ် ကုမ္ပဏီအား၊ သို့တည်းမဟုတ် အဖွဲ့အစည်းအား

ပေးနိုင်ရန်အလို့ငှါ၊ သီးခြားခွင်းချက်စည်းကမ်း ပြဋ္ဌာန်းခြင်းဖြင့် တရားဥပဒေပြုနိုင်သည့်အာဏာသည် ပြည်ထောင်စုပါလီမန်တွင်ရှိပါသည်။

ပြည်ထောင်စုပါလီမန်သည်၊ ထိုအာဏာကို ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှါသာလျှင် အသုံးပြုရပါမည်။

ထိုကိစ္စအလို့ငှါ၊ အခြားတစ်နည်းနည်းဖြင့် တရားဥပဒေပြုနိုင်သည့်အာဏာသည် ပြည်ထောင်စုပါလီမန်တွင် မရှိပါ။

(ခ) ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံ တွင်းထွက် ပင်ရင်းအခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေတခုလုံးသည်၎င်း၊ ထိုအက်ဥပဒေ၏ အစိတ်အပိုင်းတခုခုသည်၎င်း ပြည်ထောင်စုပါလီမန်၏ ဥပဒေပြုအာဏာနယ်နိမိတ်အပြင်သို့ မကျမရောက်ပါ။

ထိုအက်ဥပဒေတစ်ခုလုံးသည် ပြည်ထောင်စုပါလီမန်၏ ဥပဒေပြုအာဏာနယ်နိမိတ်အတွင်းသို့ ကျရောက်၍ ဥပဒေအာဏာတည်သော အက်ဥပဒေဖြစ်ပါသည်။

## ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ၎င်းတို့တွင် ပါရှိသောပုဒ်မများ၊ ပြဋ္ဌာန်းချက်များ၏ သဘောအဓိပ္ပာယ်ကို ကောက်ယူရာတွင် လိုက်နာရမည့် ထုံးတမ်းစဉ်လာများနှင့် ဥပဒေသများ

၄၈။ ယင်းလွှဲအပ်မှုတွင် ဖွဲ့စည်းပုံအခြေခံဥပဒေများနှင့် ၎င်းတို့တွင်ပါရှိသော ပုဒ်မများ၊ ပြဋ္ဌာန်းချက်များ၏ သဘောအဓိပ္ပာယ်ကို ကောက်ယူရာတွင် လိုက်နာရမည့် ထုံးတမ်းစဉ်လာများနှင့် ဥပဒေသအချို့ကို ဖော်ပြထားသည်။ ၎င်းတို့မှာ-

(၁) အခြေခံဥပဒေ၏ အဓိပ္ပါယ်သဘောကို ကောက်ယူရာတွင် ကျဉ်းမြောင်းအောင် ကျပ်ကျပ်တည်းတည်း မကောက်ယူဘဲ ကျယ်ပြန့်အောင် ရက်ရက်ရောရော ကောက်ယူရမည်။

(၂) အခြေခံဥပဒေများသည် ခေတ်ကာလအားလျော်စွာ ပေါ်ပေါက်လာသော အဖြစ်အပျက် အကြောင်းချင်းရာများကို လွှမ်းခြုံငုံမိအောင် ကြီးပွားကျယ်ပြန့်၍လာကြရမည့် ဥပဒေများဖြစ်ကြသည်ဟု အသိအမှတ်ပြု၍ အဓိပ္ပါယ်သဘောကို ကောက်ယူရမည်။

(၃) အခြေခံဥပဒေများတွင် ပေး၍ထားသော တန်ခိုးအာဏာများကို ကျယ်ပြန့်နိုင်သမျှ ကျယ်ပြန့်စေရန် အဓိပ္ပါယ်သဘော ကောက်ယူရမည်။

(၄) သက်ဆိုင်ရာနိုင်ငံ၏ ပြည်သူလူထုမှာ အကျိုးအများဆုံး ဖြစ်ထွန်းနိုင်စေမည့် သဘောအဓိပ္ပါယ်ကို ကောက်ယူရမည်။

၄၉။ အထက်တွင်ဖော်ပြထားသော ထုံးတမ်းစဉ်လာနည်းဥပဒေများမှတစ်ပါး အခြားထုံးတမ်းစဉ်လာနှင့် နည်းဥပဒေများလည်းရှိသေးသည်။ ၎င်းတို့အနက်အချို့မှာ တိုင်းပြည်ပြုလွှတ်တော်၏ ရည်ရွယ်ချက်နှင့် အကြံအစည်များအတိုင်းဖြစ်စေရန်၊ အခြေခံဥပဒေတစောင်လုံးကိုခြုံ၍ အဓိပ္ပါယ်ကောက်ယူရမည်။ အနည်းဆုံး အလားတူအကြောင်းချင်းရာများနှင့်စပ်လျဉ်းသော ပြဋ္ဌာန်းချက်များကိုပါ ထည့်သွင်းစဉ်းစားပြီးမှ အဓိပ္ပါယ်သဘော ကောက်ယူရမည်။ ပုဒ်မတစ်ခု၊ သို့မဟုတ် ပြဋ္ဌာန်းချက်တစ်ခု၏ သဘောအဓိပ္ပါယ်သည် မရှင်းလင်း မပြတ်သားစေကာမူ အခြားအလားတူပုဒ်မများ၊ ပြဋ္ဌာန်းချက်များကိုပါ ထည့်သွင်းစဉ်းစားလျှင် အဓိပ္ပါယ်ပေါ်လွင်ထင်ရှား၍ လာနိုင်သည်။

၅၀။ အထက်ဖော်ပြပါ ဖွဲ့စည်းပုံအခြေခံဥပဒေ အနက်အဓိပ္ပာယ် ကောက်ယူခြင်းနှင့်စပ်လျဉ်း၍ ယခုတင်ပြပါ လွှဲအပ်မှုအမှတ် ၂/၁၉၅၂ တွင်မူ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ ကို အနက်အဓိပ္ပာယ်ကောက်ယူရာ၌ ၎င်းနှင့်စပ်ဆက်လျက်ရှိသည့် ပုဒ်မ ၂၂၀ ကိုပါ တစ်ပါတည်း အနက်အဓိပ္ပာယ်ကောက်ယူခဲ့ကြသည်။

ပုဒ်မ ၂၂၀။ "ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှာ ပါလီမန်၏ အက်ဥပဒေက ပြဋ္ဌာန်းထားသော သီးခြားခြွင်းချက်စည်းကမ်းများအရမှတပါး၊ လုပ်ကိုင်သုံးစွဲစေရန်သော်၎င်း၊ တိုးတက်အောင်ပြုစေရန်သော်၎င်း၊ အသုံးချစေရန်သော်၎င်း မည်သည့်လယ်ယာကိုင်းကျွန်းမြေကိုမျှ ပြည်ထောင်စုနိုင်ငံသားမဟုတ်သောသူများအား ပြည်ထောင်စုနိုင်ငံက၊ မပေးရ။"

၅၁။ ထိုပုဒ်မအရ မည်သည့်လယ်ယာကိုင်းကျွန်းမြေကိုမျှ ပြည်ထောင်စုနိုင်ငံသားမဟုတ်သောသူများအား၊ ပြည်ထောင်စုနိုင်ငံကမပေးရ ဟုဆိုသော်လည်း၊ ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှာ၊ ပါလီမန်က အက်ဥပဒေဖြင့် သီးခြားခြွင်းချက်စည်းကမ်းများပြုလုပ်၍၊ ပြည်ထောင်စုနိုင်ငံသားမဟုတ်သူများအား၊ လယ်ယာကိုင်းကျွန်းမြေများကို ပေးစေနိုင်သေးသည်။ ဤနည်းအတူပင်လျှင်၊ ပုဒ်မ ၂၁၉ အရ၊ သဘာဝပင်ရင်းအခြေအမြစ်များကို ပြည်ထောင်စုနိုင်ငံက လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင်ပြုရမည်ဆိုသော်လည်း၊ ပါလီမန်က အက်ဥပဒေဖြင့် သီးခြားခြွင်းချက်ပြုလုပ်၍၊ သဘာဝပင်ရင်းအခြေအမြစ်များကို လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင်ပြုရန် အခွင့်အရေးများကို သူတစ်ပါးတို့အားပေးရန် ခွင့်ပြုနိုင်သေးသည်။ ဤစကားစပ်၌၊ ပုဒ်မ ၂၂၀ တွင် မြန်မာဘာသာဖြင့်ပါရှိသော (ပြည်ထောင်စုနိုင်ငံ၏ အကျိုးစီးပွားအလို့ငှါ၊ ပါလီမန်၏ အက်ဥပဒေက ပြဋ္ဌာန်းထားသော သီးခြားခြွင်းချက် စည်းကမ်းများ အရမှတစ်ပါး) ဟူသော စာပိုဒ်နှင့် အလားတူ အင်္ဂလိပ်စာပိုဒ်မှာ၊ **"subject to such specific exceptions as may be authorized by an Act of Parliament in the interest of the Union"** ဖြစ်ပြီး၊ ၎င်းအင်္ဂလိပ်စကားများသည်လည်း ပုဒ်မ ၂၁၉ တွင်ပါရှိသော အင်္ဂလိပ်စာပိုဒ်အတိုင်းဖြစ်၍ ပုဒ်မ ၂၁၉ ၏ အဓိပ္ပါယ်သဘောကို အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ကောက်ယူခြင်းသည် တိုင်းပြည်ပြုလွှတ်တော်၏ အာဘော်အတိုင်းဖြစ်

ကြောင်းသာ၍ ထင်ရှားသည်။ ဟု စပ်ဆက်၍ အနက်အဓိပ္ပာယ်ကောက်ယူခဲ့ကြောင်း တွေ့ရှိရသည်။

၅၂။ ထို့အပြင် တရားလွှတ်တော်ချုပ်က "အခြေခံဥပဒေ ပုဒ်မ ၃၂ နှင့် ပုဒ်မ ၄၄ (၂) တို့နှင့်လည်း ညီညွတ်သည်။ ထိုပုဒ်မများအရ၊ သဘာဝပင်ရင်းအခြေအမြစ်များကို နိုင်ငံတော်အစိုးရကိုယ်တိုင်လုပ်ကိုင်သုံးစွဲ၍ တိုးတက်အောင်ပြုရမည်ဟု သတ်မှတ်ပြဋ္ဌာန်းခြင်းသည်၊ ဥပဒေပြုရာ၌ ၎င်း၊ အုပ်ချုပ်ရာ၌၎င်း အလေးဂရုပြုရမည့်၊ ယေဘုယျလမ်းညွှန်များသာ ဖြစ်ကြောင်း။ ၎င်းတို့ကို ပြည်ထောင်စုနိုင်ငံတော်အစိုးရကိုယ်တိုင် မလုပ်ကိုင်မသုံးစွဲနိုင်သေးလျှင်၊ အခြားသူများအား လုပ်ကိုင်ခွင့်ပေးနိုင်စေရန် ရည်ရွယ်ချက်ရှိကြောင်း ပေါ်လွင်ထင်ရှားသည်။" ဟု နိုင်ငံတော်ဝါဒရည်ညွှန်းချက်မှုများကိုပါ ထပ်မံ၍ ဆက်စပ်အနက်အဓိပ္ပာယ်ကောက်ယူခဲ့ကြသည်။

## လေ့လာတွေ့ရှိချက်

၅၃။ လွှဲအပ်မှုအမှတ် ၂/၁၉၅၂ သည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ အရ ပါလီမန်တွင် ဥပဒေပြုပိုင်ခွင့်အာဏာ ရှိ မရှိ ကိုလည်းကောင်း၊ ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံတွင်းထွက်ပင်ရင်းအခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေ ဥပဒေတစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းသည် ပါလီမန်၏ ဥပဒေပြုခွင့်အာဏာပြင်ပသို့ ကျရောက်ခြင်း ရှိ မရှိ ကိုလည်းကောင်း သိရှိလို၍ မေးမြန်းခြင်းဖြစ်သည်။

၅၄။ လွှဲအပ်မှုအမှတ် ၂/၁၉၅၂ တွင် ပုဒ်မ ၂၁၉ အရ ပါလီမန်၏ ဥပဒေပြုပိုင်ခွင့်အာဏာသည် တတိယဇယား စာရင်း ၁ ပြည်ထောင်စုနိုင်ငံဥပဒေပြုစာရင်းအမှတ်စဉ် ၅ အရပ်ရပ်ဆိုင်ရာ အမှတ် ၃၆ တွင် သစ်တောများ၊ သတ္တုတွင်းများ၊ ရေနံမြေများကို သတ်မှတ်ရန်၊ သတ္တုရေနံများ တူးဖော်၍ တိုးတက်အောင်ပြုရေး၊ (သတ္တုတွင်းများနှင့် ရေနံမြေများ သတ်မှတ်ရေးကိစ္စတွင် အလုပ်သမားအရေးနှင့် အလုပ်သမားဘေးကင်းရေးတို့ပါဝင်သည်) နှင့် အမှတ် ၄၁ တွင်မူ စာရင်း ၂ တွင် ရေတွက်ဖော်ပြထားခြင်းမရှိသော အခြားကိစ္စများဟူ၍ဖော်ပြထားကြောင်းလေ့လာတွေ့ရှိရသည်။

၅၅။ ထို့အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၆ အရ စတုတ္ထဇယားတွင် ဖော်ပြထားသော အခွန်တွင်းထွက်ပင်ရင်းများမှရမည့် အခွန်တော်အားလုံးကို ပြည်နယ်၏ အခွန်တော်ငွေတွင် ပါဝင်ရမည်ဖြစ်ကြောင်း၊ ပြည်နယ်များသို့ ခွဲဝေလွှဲအပ်ထားသော အခွန်တော်များမှလွဲ၍ အခွန်တော်အားလုံးသည် ပြည်ထောင်စုနိုင်ငံ၏ အခွန်တော်တွင် ပါဝင်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

၅၆။ စတုတ္ထဇယား (၁) မြေခွန်တော်၏ အမှတ်စဉ် (ဂ) နှင့် (ဃ) တွင်မူ ရေနံအပေါ် စည်းကြပ်သောအခွန်နှင့် တွင်းထွက်ပစ္စည်းများအပေါ်၌ စည်းကြပ်သောအခွန်နှင့် တွင်းထွက်ပစ္စည်းပိုင်ဆိုင်ခွင့်များအပေါ် စည်းကြပ်သော အခွန်များဟု ဖော်ပြထားကြောင်း လေ့လာတွေ့ရှိရသည်။

၅၇။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ အရ ဥပဒေပြုခွင့်အာဏာကို ပြည်ထောင်စုနိုင်ငံ ပါလီမန်က ရရှိထားသော်လည်း အခွန်တော်ကောက်ခံမှုကိုမူ ပြည်နယ်များအား ပေးအပ်ထားကြောင်း လေ့လာတွေ့ရှိရသည်။

၅၈။ ထို့အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၉၃ တွင် "ပြည်ထောင်စုဥပဒေပြုစာရင်းတွင် သစ်တောကိစ္စ၊ သတ္တုတွင်းကိစ္စ၊ ရေနံမြေကိစ္စ၊ သတ္တုတူးဖော်ပြုပြင်ရေးကိစ္စ စည်းမျဉ်းသတ်မှတ်ပိုင်ခွင့် ပါရှိသည်ဖြစ်သောကြောင့်၊ ပြည်ထောင်စုနိုင်ငံက သုံးစွဲပိုင်ခွင့်ရှိသော အာဏာများကို သုံးစွဲရာ၌ ထိုသစ်တောများ၊ သတ္တုတွင်းများ၊ ရေနံမြေများကို လုပ်ကိုင်သုံးစွဲစေရန်သော်၎င်း၊ တိုးတက်အောင်ပြုစေရန်သော်၎င်း၊ အသုံးချစေရန်သော်၎င်း လက်မှတ်ကို၊ သို့တည်းမဟုတ် လိုင်စင်ကို၊ သို့တည်းမဟုတ် အခွင့်အာဏာလွှဲအပ်သော အခြားနည်းကို ထုတ်မပေးမီ၊ ထိုသို့ထုတ်ပေးသော အာဏာပိုင်သည်၊ သက်ဆိုင်ရာပြည်နယ်အတွက် ခန့်ထားခြင်းခံရသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်ရမည်။" ဟု ပြဋ္ဌာန်းထားသည်။ ယင်းဥပဒေပုဒ်မ ၉၃ အရ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ရှိကြောင်းနှင့် ထိုသို့မထုတ်မီ အာဏာပိုင်သည် သက်ဆိုင်ရာပြည်နယ်အတွက် ခန့်ထားခြင်းခံရသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင် ဝန်ကြီးနှင့် ညှိနှိုင်းတိုင်ပင်ရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကိုလည်း လေ့လာတွေ့ရှိရသည်။

၅၉။ ယခုတင်သွင်းလွှာတွင် ကိုးကားဖော်ပြထားသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လိုက်နာရမည့် ဥပဒေသအချို့မှာ - တိုင်းပြည်ပြုလွှတ်တော်၏ ရည်ရွယ်ချက်နှင့် အကြံအစည်များအတိုင်းဖြစ်စေရန်နှင့် အခြေခံဥပဒေတစ်စောင်လုံးကိုခြုံ၍ အဓိပ္ပာယ်ကောက်ယူရသည့်အပြင် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ပြဋ္ဌာန်းချက်များကို ထည့်သွင်းစဉ်းစားပြီးမှ အဓိပ္ပာယ်ကောက်ယူခြင်းဖြစ်ပါကြောင်း လေ့လာတွေ့ရှိရသည်။

၆၀။ လွှဲအပ်မှုအမှတ် ၃/၁၉၅၂ တွင် ရည်ညွှန်းထားသော ပုဂ္ဂိုလ်များ၊ ကုမ္ပဏီများ သို့မဟုတ် အဖွဲ့အစည်းများသည် အခြေခံဥပဒေအာဏာတည်ပြီးသည့်အချိန်တွင် လိုင်စင် သို့မဟုတ် လက်မှတ်ရယူထားပါက ၎င်းပုဒ်မ ၂၁၉ နှင့် ဆက်စပ်ခြင်း ရှိ မရှိ၊ လိုင်စင် သို့မဟုတ် လက်မှတ် သက်တမ်းကုန်ဆုံးသွားပါက သက်တမ်းတိုးခွင့် ရှိ မရှိနှင့် ပုဒ်မ ၂၁၉ ပါ ကာလသက်တမ်းအတွင်း ရှိနေပါက ကာလအပိုင်းအခြား ထပ်မံသက်တမ်းတိုးခွင့် ရှိ မရှိကို သိလို၍ မေးမြန်းခြင်းဖြစ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

၆၁။ ပုဒ်မ ၂၁၉ ပါ ပြဋ္ဌာန်းချက်အရ ၁၉၄၉ ခုနှစ် အက်ဥပဒေကို ပြဋ္ဌာန်းရခြင်းဖြစ်သည့်အတွက် ဥပဒေပြဋ္ဌာန်းပြီးသည့် နောက်ပိုင်းကာလများတွင် လိုင်စင် သို့မဟုတ် လက်မှတ်ကို ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ဆောင်ရွက်ရမည်သာဖြစ်ပါသည်။ ထို့အပြင် အက်ဥပဒေ ပုဒ်မ (၂) (ဂ) တွင်မူ လိုင်စင်ကို အသစ်ထုတ်ပေးရာ၌လည်းကောင်း၊ အဟောင်းကို ထပ်မံပြုပြင်ထုတ်ပေးရာ၌

လည်းကောင်း တည်ဆဲသတ္တုတူးဖော်ခွင့်နည်းဥပဒေနှင့်အညီ ထုတ်ပေးရန်ဖြစ်ကြောင်း ထည့်သွင်း ပြဋ္ဌာန်းထားခြင်းဖြစ်သဖြင့် သက်တမ်းတိုးခြင်း၊ အသစ်လဲလှယ်ခြင်းကိစ္စများကိုမူ သတ္တုတူးဖော်ခွင့်နည်းဥပဒေနှင့်အညီသာ ဆောင်ရွက်ခွင့်ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

## သုံးသပ်ချက်

၆၂။ ယင်းလွှဲအပ်မှု (၂) ခုစလုံးသည် ၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရပြီးချိန် နိုင်ငံတော်ကို ရေရှည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ စီးပွားရေးမူဝါဒများ၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၂၁၉ ပါ ပြဋ္ဌာန်းချက်နှင့် ၁၉၄၉ ခုနှစ်၊ ပြည်ထောင်စုနိုင်ငံတွင်းထွက်ပင်ရင်းအခြေအမြစ်များကို ထုတ်ဖော်လုပ်ကိုင်နိုင်သော အခွင့်အရေးပေးရန် (ခွင့်ပြုသည့်) အက်ဥပဒေတို့အရ ဆက်စပ်၍ ပေါ်ပေါက်လာသော လွှဲအပ်မှုများဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

၆၃။ လွှဲအပ်လွှာအမှတ် ၂/ ၁၉၅၂ တွင်မူ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုရန် ဥပဒေသများကို ထည့်သွင်းဖော်ပြထားသည့်အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ စကားရပ်များကို တစ်ဆင့်ချင်းအလိုက် သုံးသပ်၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းဖြစ်သည့်အပြင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အခန်း (၄)၊ နိုင်ငံတော်၏မူဝါဒရည်ညွှန်းချက်မူများအခန်းပါ ပုဒ်မ ၃၂၊ ၄၄ (၂) နှင့် ၂၂၀ တို့ပါ ပြဋ္ဌာန်းချက်များကို ရည်ရွယ်ကိုးကား၍ ညီညွတ်ကြောင်းကိုလည်း သုံးသပ်ခဲ့သည်ကို တွေ့ရှိရသည်။

၆၄။ ထိုနည်းတူစွာ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း (၁)၊ အခြေခံမူများအခန်း ပုဒ်မ ၁ မှ ၄၈ အထိသည် ပုဒ်မ ၄၈ အရ နိုင်ငံတော်အခြေခံမူများသည် ဥပဒေပြုလွှတ်တော်က ဥပဒေပြဋ္ဌာန်းရာတွင်လည်းကောင်း၊ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို သက်ဆိုင်ရာက အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင်လည်းကောင်း လိုက်နာရမည့်လမ်းညွှန်များဖြစ်ကြောင်း ဖော်ပြထားသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် အထက်ဖော်ပြထားသည့် ဥပဒေသများအပြင် နိုင်ငံတော်ဖွဲ့စည်းပုံတည်ဆောက်ထားသည့် ပုံသဏ္ဌာန်နှင့်ရည်ရွယ်ချက်များကိုပါ လိုက်နာကျင့်သုံးရမည်ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

၆၅။ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်မူ ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဥပဒေပြုပိုင်ခွင့်ကို ပြည်ထောင်စုပါလီမန်သို့ အပ်နှင်းထားပြီး အခွန်တော်ကိစ္စကိုမူ ပြည်နယ်များသို့ ပေးအပ်ထားကြောင်း သုံးသပ်တွေ့ရှိရသည်။

၆၆။ ထို့အပြင် ၁၉၅၂ ခုနှစ်၊ ဖေဖော်ဝါရီ လ ၁၀ ရက်နေ့တွင် လွှဲအပ်မှုအမှတ် ၂/၁၉၅၂ ကို တရားလွှတ်တော်ချုပ်က ဆင်ခြင်သုံးသပ်ပြီး နိုင်ငံတော်သမ္မတထံသို့ အစီရင်ခံတင်ခြင်း ပြုလုပ်ခဲ့

ပြီးဖြစ်သဖြင့် ယင်းလွှဲအပ်မှုနှင့်ဆက်စပ်လျက်ရှိသော လွှဲအပ်မှုအမှတ် ၃/၁၉၅၂ ကို ရုပ်သိမ်းခဲ့ခြင်း ဖြစ်ကြောင်း သုံးသပ်တွေ့ရှိရသည်။

## နိဂုံး

၆၇။ နိုင်ငံတော်သမ္မတက ဥပဒေကြောင်းဆိုင်ရာ အချင်းအရာကို သိရှိလိုသည့် ကိစ္စရပ်အပေါ် ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပုဒ်မ ၁၅၁ အရ တရားလွှတ်တော်ချုပ်ထံ လွှဲအပ်သဖြင့် ပုဒ်မ ၂၁၉ အရ ပေါ်ပေါက်လာသော ဥပဒေအကြောင်းချင်းရာကို ဖြေရှင်းခြင်းဖြစ်သည်။

၆၈။ ယခုတင်ပြခဲ့သည့် လွှဲအပ်လွှာ (၂) မှုစလုံးသည် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လိုက်နာရမည့် အခြေခံမူများနှင့်အညီ ဆုံးဖြတ်၍ နိုင်ငံတော်သမ္မတထံ အစီရင်ခံခဲ့ခြင်းဖြစ်သည်။

၆၉။ ယင်းလွှဲအပ်မှုများမှ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လိုက်နာရမည့် ဥပဒေသများအပြင် နိုင်ငံတော်၏ ဝါဒရည်ညွှန်းချက်များနှင့်အညီ လိုက်နာ၍ အနက်အဓိပ္ပာယ်ဖွင့်ဆိုရမည်ဖြစ်ကြောင်းကို သိရှိရပါကြောင်း လေ့လာတင်ပြအပ်ပါသည်။